# Carey Blair ဘူးငယ်တွင် ဝမ်းစုဆောင်းခြင်း



၁။ သန့်စင်ခြောက်သွေ့၍ အဝကျယ်သော ခွက်ထဲတွင် နမူနာဝမ်းကို စုဆောင်းပါ။ထိပ်ပိုင်းကြီးသော ဖွန်းခွက်ပါသည့် ဖွန်းကို အသုံးပြု၍ နမူနာဝမ်း အနည်းငယ်ကို ဘူးငယ်၏ အရည် (အထူးသဖြင့် သွေးရောင်လွှမ်းနေသော သို့မဟုတ် အရည်ကျဲနေသော အပိုင်း) ထဲသို့ ပေါင်းထည့်ပါ။နှစ်နာရီအတွင်း သွားထားသော ဝမ်းကိုသာ ဘူးငယ်ထဲတွင် ထည့်ရန်ဖြစ်သည်။

၂။ဘူးငယ်တွင် ကပ်ထားသော တံဆိပ်ပေါ်မှ အနီရောင် ဖြည့်မှတ် မျဉ်းကြောင်း ရောက်သည်ထိ အရည် မျက်နှာပြင် မြင့်တက်လာအောင် လုံလောက်သော ဝမ်းနမူနာ ထည့်ရန် လိုအပ်သည်။ဖွန်းကို အသုံးပြု၍ နမူနာကို မွှေပါ။ ဘူးငယ်ကို အဖုံးပြန်ဖုံးပါ။ အဖုံးကို လုံခြုံစွာ ပိတ်ထားခြင်း သေချာပါစေ။ ပါဝင်ပစ္စည်းများ မရောနှောပဲ ကြွင်းကျန်ခဲ့သည် မရှိအောင် သေချာစွာ လှုပ်ပါ။

၃။ဘူးငယ်ပေါ်တွင် ပထမဆုံးနာမည်၊ နောက်ဆုံးအမည်၊ စုဆောင်းသည့် နေ့စွဲနှင့် အချိန် တို့အပြင် မွေးနေ့ကို သင့်လျော်စွာ တံဆိပ်ကပ်ပေးပါ။